
mgyoe.com SAMPLE BOOK



# တစ်ခါက .... ပင်လယ်

အေထူးအောင် ၊ အက္ခရာဝါ ၊

mgyoe.com

mgyoe.com SAMPLE BOOK

ငါအရမ်း မွန်းကြပ်နေပြီ ။

ထွက်ပေါက်တစ်ခုလိုတယ် ။

ရှင်လျက် ဒါမှမဟုတ် သေလျက်

အဓိက က လွတ်မြောက်သွားဖို့ပဲ ။



illustrated by mar na

SYM032
5000 KS

mgyoe.com

mgyoe.com

SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၄၁)

## ပုံနှိပ်မှတ်တမ်း



# အေထူးအောင်၊အဏ္ဏဝါ၊

# တစ်ခါက... ပင်လယ်


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ

မျက်နှာဖုံးဒီဇိုင်း ♦ မာဏ

အတွင်းဒီဇိုင်း ♦ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၅၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

အေထူးအောင်(အဏ္ဏဝါ)
တစ်ခါက... ပင်လယ် / အေထူးအောင်(အဏ္ဏဝါ)။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၄၄၊ ၁၃.၉၇ စင်တီ × ၂၀.၃၂ စင်တီ
(၄၁) တစ်ခါက... ပင်လယ်


mgyoe.com

mgyoe.com SAMPLE BOOK

စာအုပ်ပါ အကြောင်းအရာများသည် အမှန်လား မေးလာခဲ့သော် ကျွန်တော် ဘာပြန်ဖြေရမည်ကို မသိပါ။ ပြောလည်း မပြောတတ်ပါ။ မပြောချင်လို့ မဟုတ်၊ ပြောရန်အင်အားကို ညှပ်ပိတ်နေသော နှလုံးသားထောင့်တစ်နေရာမှ ဆွဲထုတ်ရယူရန် မတတ်သာသောကြောင့် ဖြစ်ပါသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁

mgyoe.com

mgyoe.com SAMPLE BOOK

ဒဏ်ရာဆိုသည်ကို သင်တို့မည်သို့ ခံစားသနည်း။ ဘဝတွင် လူတိုင်း အနည်းနှင့်အများ ဒဏ်ရာနှင့် ကြုံတွေ့ဖူးကြပေလိမ့်မည်။ တိမ်၏ နက်၏သာ ကွာချင်ကွာပေမည်။ ဒဏ်ရာတွေနှင့် စိမ်းကြလိမ့်မည်တော့မဟုတ်ပေ။

သို့သော်. . .။

တစ်ယောက်ကခံစားရသော ဒဏ်ရာကို ကျန်တစ်ယောက်က ခံစားရခြင်း မျိုးကိုတော့ ကြုံဖူးချင်မှ ကြုံဖူးလိမ့်မည်။ ကိုယ်ချင်းစာပေးလို့ ရပါသည် ဟူပြီး အမျိုးမျိုး ပြောကြပေလိမ့်မည်။ ခံစားပေးလို့ ရပါသည်ဟူပြီး ပြောချင်ပြောကြ ပေလိမ့်ဦးမည်။ အမှန်ဖြစ်ချင်လည်း ဖြစ်မည်။ ကြားကောင်းရုံ ပြောခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ သို့သော်. . .။

ဒဏ်ရာဆိုသည့်အမျိုးသည် ကိုယ်တိုင်မခံစားရပါဘဲ ထပ်တူခံစားပေး လို့ရသည့်အရာမဟုတ်။ ကိုယ်တိုင်မကြုံတွေ့ဖူးပါဘဲ စိတ်မှန်းနှင့် ကိုယ်ချင်းစာပေး နိုင်သည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ဒဏ်ရာသည် ဒဏ်ရာဖြစ်နေသော ကြောင့်ပင် ဖြစ်ပါသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၆ ရက်၊ ည ၈ နာရီ
## - တောင်တရုတ်ပင်လယ် -

သည်နေ့ ရာသီဥတုမသာယာပါ။ လဆုတ် ၂ ရက် ဆိုသည်မှာ ပင်လယ်အတွက် လပြည့်နှင့် သိပ်မခြားနားသော နေ့တစ်နေ့။ သို့သော် သည်နေ့တော့ လဆုတ်က လဆုတ်ဆန်လှသည်။ မှောင်မိုက်ခြင်းအတိ။ ဂျူတီချိန်ရောက်တိုင်း ကောင်းကင်ယံမှာ ကြယ်တွေ ရှိလားဟု ဖွေရှာတတ်သော ကျွန်တော့်အဖို့ သည်နေ့တော့ ကြယ်လေးတွေကို တွေ့ခွင့်မရပါ။ တိမ်မည်းတွေပဲ မင်းမူနေပြီထင်၏။ မိုးက ဖွဲဖွဲရွာနေသောကြောင့် မြင်ကွင်းကမရှင်း။ တောင်တရုတ်ပင်လယ်မှာ သင်္ဘောမောင်းရသည်က မြင်ကွင်းရှင်းတောင် သိပ်အဆင်ပြေလှသည်မဟုတ်။ ငါးဖမ်းလှေများကို ကျီးကန်းတောင်းမှောက်ကြည့်ပြီး ရှောင်နေရသည့်အလုပ်။ လွယ်တော့မလွယ်။ မိုးရွာတော့ ပိုဆိုးပြီ။ ဂျူတီ ၄ နာရီကို ခက်ခက်ခဲခဲ ကျော်ဖြတ်ရဦးမည်။

အချိန်က ခုမှ ည ၈ နာရီ။ မှန်ပြတင်းအပြင်ဘက်မှ အရှိန်ပြင်းပြင်းတိုက်ခတ်နေသော လေသံတို့ကို ကြားရတော့ ဘာကြောင့်မှန်းမသိ စိတ်ကထင့်မိနေသေးသည်။ ကုန်းချုပ်ဆီက ဂျူတီလွှဲယူပြီးမှ ကော်ဖီလေးတစ်ခွက် ဖျော်ပြီး စိတ်ကို လန်းအောင်လုပ်ရမည်။ ဂျူတီချိန် အာရုံစူးစိုက်မှုကောင်းမှ ၄ နာရီကို ကောင်းကောင်းကျော်ဖြတ်နိုင်မည်လေ။

"ဟယ်လို ပွဲစင်ကလား"

"ဟုတ်ကဲ့ ကုန်း ၃ ပြောနေပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဪ ညီလေး ခေတ်ယံလား၊ အစ်ကိုပါ စက် ၂ ပါ"

အင်ဂျင်ခန်းက ည ၈ နာရီအချိန်ဆို ပုံမှန်အားဖြင့် ဖုန်းဆက်ခဲပါသည်။ သည်နေ့တော့ ဘာကြောင့် စောပြီး ဆက်တာပါလိမ့်ဟု ကျွန်တော် တွေးမိသည်။

"ဟုတ်ကဲ့ ပြောပါ အစ်ကို"

"ညီလေးရေ ကိစ္စကတော့ ထူးတယ်ဟေ့၊ မင်းသူငယ်ချင်း နေသွေး ပျောက်နေတယ်။ အစ်ကို ဂျူတီလာလဲတော့ သူ့ကို စက်ခန်းထဲမှာ မတွေ့ဘူး ညီလေးတို့ ပဲ့စင်များ ရောက်နေမလားလို့"

"ဟာ မရောက်ပါဘူး အစ်ကိုရဲ့ သူ ခါတိုင်း ကျွန်တော့်ဆီလာတာ ညကိုးနာရီ ဂျူတီပြီးချိန်လောက်မှအစ်ကို၊ ၈ နာရီတော့ မလာတတ်ဘူးဗျ၊ စက်ခန်း တစ်နေရာရာမှာ ရှိနေမှာပါ၊ သေချာရှာကြည့်ပါဦး"

"အေးပါ အေးပါ၊ အစ်ကို သေချာရှာကြည့်ပါဦးမယ်"

စက် ၂ ဖုန်းချသွားသည့်နောက် ကျွန်တော်ခေါင်းထဲ ရောက်လာသည်မှာ အတွေးပေါင်းများစွာ။ ဟင်. . .။ ကျွန်တော့်စိတ်ထဲ ထင်းခနဲ အတွေးတစ်ခု ရုတ်ချည်း ဝင်ရောက်လာသည်။ ဟာ. . . မဟုတ်လောက်ပါဘူး။ ဟုတ်စရာလား။ ထိုအတွေးသည် ကျွန်တော် အတွေးလွန်နေခြင်းသာ ဖြစ်ပါလိမ့်မည်။ မဖြစ်နိုင်ပါ လုံးဝမဖြစ်နိုင်ပါ။ ဖြစ်လည်း မဖြစ်ရပါ။ စက် ၂ နေသွေးကို စက်ခန်းထဲက တစ်နေရာရာမှာ တွေ့ပါလိမ့်မည်။ ပြီးလျှင် ကျွန်တော့်ကို ဖုန်းပြန်ဆက်ပါလိမ့် မည်။ သည်လိုတွေးလိုက်မှ ခုန ဝင်လာသော အတွေးဆိုးကို မောင်းထုတ်နိုင် လိုက်ပါသည်။

❑

ည ၈ နာရီ၊ ၁၃ မိနစ်

"ကလင်းလင်းလင်း"

"ဟယ်လို ပဲ့စင်ကပါ၊ ကုန်း ၃ ပြောနေပါတယ်"

"ညီလေးရေ အစ်ကို စက် ၂ ပါ၊ နေသွေးကို လုံးဝမတွေ့တာ သေချာနေပြီ သူကြီးကို အကြောင်းကြားလိုက်တော့"

ဒိန်းခနဲ ဆောင့်တက်သွားသော အလုံးကြီးသည် ကျွန်တော့်ရင်ဘတ်ဝမှာ။ ကျွန်တော့် လျှာဖျားတွေ အေးစက်လာသည်။ ဟုတ်လို့လား သေချာရဲ့လားဟု စိတ်ထဲ အကြိမ်ကြိမ် မေးခွန်းထုတ်နေမိသည်။

"အစ်ကို သေချာပါတယ်နော် မတွေ့တာ"

mgyoe.com

mgyoe.com
SAMPLE BOOK

"ဟာ သေချာတယ် ညီလေး သူကြီးကို အမြန်သာ အကြောင်းကြား လိုက်ပါတော့"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

အလောတကြီး ဖြစ်နေသောကြောင့် အမြန်ပြန်ဖြေလိုက်ရသော်လည်း လျှာဖျားများ တုန်ခါအေးစက်နေဆဲ ဖြစ်သည်။ ကပ္ပတိန်၏ အခန်းနံပါတ်ကို နှိပ်နေသော ကျွန်တော့လက်ချောင်းများလည်း တဆတ်ဆတ် တုန်ခါနေဆဲ။

"ဟယ်လို ကပ္ပတိန် ကုန်း ၃ ပါ ခင်ဗျာ"

"ကုန်း ၃ ရေ ပြောပါ၊ ဘာထူးလဲ"

"အင်ဂျင်ခန်းက စက် ၂ ဖုန်းဆက်ပါတယ် ခင်ဗျာ၊ စက် ၄ နေသွေး ပျောက်နေတယ်တဲ့ ကပ္ပတိန်၊ ပွဲ့စင်ကို အမြန်ဆုံးလာပေးပါခင်ဗျာ"

"ကောင်းပြီ အခုချက်ချင်း လာခဲ့မယ်"

ပွဲ့စင်ပေါ်တွင်ရှိနေသောသူများ ရှုန်းရင်းဆန်ခတ်ဖြစ်နေကြပြီ။ သင်္ဘော ပေါ်တွင် လူတစ်ယောက် ရှာမတွေ့နိုင်လျှင် ဖြစ်နိုင်ချေတွေက အရမ်းများလှ သည်။ ကျွန်တော့်ဂျူတီအေဘီက ကျွန်တော့်ဘေးနား အပြေးလာသည်။

"ကုန်း ၃၊ စက် ၄ က ပင်လယ်ထဲများ ပြုတ်ကျသွားတာလား"

"ဟာ ဖွဖွ မဟုတ်ပါဘူး။ သူတစ်နေရာရာမှာ ဂျူတီ လှည့်နေရင်း ကြာသွားတာနေမှာပါ။ ကိစ္စတစ်ခုဖြစ်ရင် အဆိုးဘက်က မတွေးနဲ့ကွာ"

ဆတ်ခနဲ ပြန်ဖြေလိုက်သော အဖြေကို အေဘီလေးက သဘောကျပုံမပြ။ ခေါင်းကိုသာ သွက်သွက် ခါယမ်းနေသည်။ သူ့ကို စကားပိတ် ဖိပြောလိုက်ရသော် လည်း ကျွန်တော့်ရင်ထဲတွင်တော့ အဆိုးပေါင်းများစွာ ဝန်းရံထားသော အတွေးတို့ ဗလောင်ဆူနေပြီဖြစ်သည်။ နေသွေးသာ. . .။ မဖြစ်နိုင်လောက်ပါဘူး အတန်တန် တွေးထားပါလျက် နေသွေးသာ ကျွန်တော်ထင်ထားသည့်အရာကို ကျူးလွန်ခဲ့ ပါလျှင်. . .။ ထိုအတွေးသည်. . . လူကို ရုတ်ချည်းပင် လဲကျသွားလုမတတ် အရုပ်ကြိုးပြတ် နိုင်လှသည်။ မဟုတ်ပါ။ ထင်ထားသလို လုံးဝမဟုတ်ပါ။

"ကုန်း ၃ ရေ ကပ္ပတိန်လာပြီလား"

ပွဲ့စင်ပေါ်သို့ ညအိပ်ဝတ်ဘောင်းဘီတို ဖရိုဖရဲဝတ်ပြီး တက်လာသော စက်ချုပ်၏အသံသည် အမောတကော ဆိုက်လျက် ရှိသည်။ ဘာတွေဖြစ်ကုန်ပြီနည်း။

"ခေါ်ထားတယ် ခင်ဗျ၊ ခုချက်ချင်း လာမယ်ပြောပါတယ်"

ကျွန်တော်ပြန်ဖြေသည့်အချိန် မဆိုင်းမတွမှာပင် ကပ္ပတိန်ပါ ပွဲ့စင်ပေါ်

mgyoe.com

mgyoe.com SAMPLE BOOK

သို့ ရောက်လာသည်။

"ကပ္ပတိန် ကျွန်တော်တို့ အင်ဂျင်တစ်ခန်းလုံး နှံ့အောင်ရှာပြီးပြီ၊ စက် ၄ ကို ရှာမတွေ့ဘူး"

တစ်ခုခုဆို လေသံမာထန်လျက် ဟိတ်ဟန်ကြီးလှသော စက်ချုပ်၏ ဇီးရွက်သာသာမျက်နှာဘေးနှင့် လေသံပျော့ပျော့ကို ကြားရသောအခါ ကျွန်တော် မှန်းထားသလို ဖြစ်လာတော့မည်လားဟု ပို၍ပို၍ စိုးရိမ်လာမိသည်။

"သူ့အခန်းကိုရော သွားရှာပြီးပြီလား၊ ပြန်အိပ်နေတာလည်း ဖြစ်နိုင်တာပဲ"

"ကဒက်လေးကိုတော့ သွားရှာခိုင်းတာ ဘယ်သူမှ မရှိဘူးပြောတယ်။ အခန်းတံခါးကလည်း ဖွင့်လျက်ကြီးတဲ့"

"ကောင်းပြီ ကောင်းပြီ အချိန်မဆွဲနဲ့တော့၊ အခုချိန်ကစပြီး စက်ချုပ်နဲ့ ကျွန်တော်က တစ်ဖွဲ့၊ စက် ၂ နဲ့ အင်ဂျင်ခန်းကလူတွေ တစ်ဖွဲ့၊ သင်္ဘောတစ်စီးလုံး ကို အကြမ်းဖျင်းပတ်ရှာမယ်၊ ကုန်း ၃ ရေ မင်း အေဘီကိုလည်း ဓာတ်မီးယူပြီး သင်္ဘောလူနေခန်း အတွင်းဘက်အနှံ့ ကူရှာခိုင်းလိုက် တစ်ယောက်ထဲ ဂျူတီယူလို့ ဖြစ်တယ်မလား"

"ဟုတ်ကဲ့ ဖြစ်ပါတယ် ကပ္ပတိန်"

ကပ္ပတိန်နှင့် စက်ချုပ် ပဲ့စင်မှ အမြန်ပြေးဆင်းသွားကြသည်။ အေဘီကို ဓာတ်မီးပေးပြီး ကပ္ပတိန်မှာလိုက်သော နေရာများသို့ အရှာလွှတ်ပြီးချိန် ပဲ့စင်တွင် ကျွန်တော်တစ်ယောက်ထဲ စိုးထိတ်မှုအစုံနှင့် ကျန်ရစ်သည်။ နားထဲတွင် မနေ့က နေသွေး ပြောသော စကားတစ်ခွန်းကို ပြန်လည်ကြားယောင်မိချိန်တွင် ကျွန်တော့် နှလုံးခုန်နှုန်းတို့ တရိပ်ရိပ် မြင့်တက်ခဲ့ပြီဖြစ်သည်။

"ငါ့ညက သူ့ကို အိပ်မက်မက်တယ်၊ သူငါ့ဘေးမှာရှိတယ်တဲ့"

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

mgyoe.com

mgyoe.com SAMPLE BOOK

"အေးမော်ရေ . . ဟေ့ အေးမော်"

"ဟဲ့ နင်အသံကျယ်ကြီးနဲ့ လုပ်မနေနဲ့ ငါ့တူမ လန့်မယ်။ မီးခန်းထဲမှာ သွေးနုသားနုဟဲ့"

"အေးပါ အရီးရာ၊ ကျွန်တော်လည်း စိတ်လှုပ်ရှားလို့ပါ"

"မလေး ခုမှ ဖြစ်နေ၊ အရက်ဆိုင်ကျ စောစောစီးစီး ခေါင်းထိုးနေပြီး"

"မသိလို့ပေါ့ဗျာ"

အိမ်ဝရောက်သည်နှင့် မီးခန်းထဲက ဆန္ဒင်းနံ့က ထောင်းခနဲ ဆီးကြို သည်။ မျိုးသိန်း နှာခေါင်းတစ်ချက် ရှုံ့မိသည်။ ညှီတီတီ စိမ်းရွှင်ရွှင် အနံ့မျိုးဆို စိတ်က မသတီသလိုလို ဖြစ်မိသည်။

"နံလိုက်တာဗျာ၊ ဘာတွေ လိမ်းကျံထားခိုင်းတာလဲ မသိဘူး"

ငေါ့တော့တော့ ပြောလိုက်သော မျိုးသိန်းကို အရီးက ရွဲ့ပဲ့ပြီး ထေ့သည်။

"လက်သည် သူ့ဘာသာသူ အဆင်ပြေအောင် လုပ်ထားတာ နင် လျှာ မရှည်နဲ့၊ အဖေတစ်ယောက်ဖြစ်တော့မယ် အလိုက်ကမ်းဆိုး မသိသေးဘူး"

အရီး၏ စကားက သည်တစ်ခါတော့ မျိုးသိန်းကို တစ်ချက် ငိုင်သွား စေမိသည်။ အရက်ဆိုင်က ဝင်လာသည့် အရည်များပင် ဘယ်ထောင့်ကပ်သွားလဲ မသိ။ မမူးတမူး မျက်လုံးတို့ပင် ပြူးကျယ်ကျယ် ဖြစ်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အဖေ. . ."

ဘဝတွင် အတောင့်တခဲ့ရဆုံး စကား။ အမေတစ်ယောက်ထဲနှင့် ကြီးပြင်းခဲ့သူ မျိုးသိန်းဘဝတွင် ပျောက်ဆုံးနေသော အဖေဟူသည့် စကားလုံးကို ဘဝစာမျက်နှာတို့တွင် ရှာကြည့်ဖို့ပင် မကြိုးစားခဲ့ဖူး။ အမေကလည်း အားမပေးတာ ပါသည်။ ခုတော့ အမေလည်း မရှိတော့ပြီ။ အဖေဆိုသည်မှာလည်း ဘယ်ဆီဘယ်ဝယ်မှန်းရယ် မသိ။ သို့သော် ပျောက်ဆုံးနေသော စကားကို အရိုးဆီမှ ကြားရတော့ အငေါ်တူးနေသည့် အရိုးကို စိတ်မဆိုးနိုင်။ ရင်ထဲ၌ တစိမ့်စိမ့် ကြည်နူးလာရသည်။ မျိုးသိန်းဘဝတွင် ပျောက်ဆုံးတာ ကြာလှပြီဖြစ်သော ခံစားမှုတစ်ခု။ အဖေဆိုသော ဝေါဟာရကို ပြန်တွေ့သလို ခံစားရသည်။ ထိုနေရာကား အခြားနေရာ၌မဟုတ်၊ မျိုးသိန်း၏ ကိုယ်ပေါ်မှာ ဖြစ်ပါသည်။

"အူဝဲ. . . အူဝဲ"

စိမ်းရွှင်ရွှင် ဆန္ဒင်းနံ့၊ ညှီစို့စို့ ဆေးလူးထားသည့် အနံ့များကြားက ထွက်အံ့လာသော သန့်စင်လှသည့် ချစ်စရာအသံ။ တီတီတာတာ အသံ။ ထိုအသံသည် မျိုးသိန်း၏ ရင်အစုံကို ထိုးဖောက် လှုပ်ခါသည်။ မျိုးသိန်း ရင်ထဲ ဘယ်တုန်းကမှ မရဖူးသော ခံစားချက်အသစ်တစ်ခုကို ထပ်လောင်းရစေသည်။

မျိုးသိန်းကိုယ်ထဲ သွေးတွေ ပိုစီးဆင်းနေသလို ခံစားရသည်။ ခန္ဓာကိုယ်သည် ဂဏာမငြိမ်၊ ရိုးတိုးရွတ၊ တစ်ခုခုသာ လုပ်ပစ်လိုက်ချင်သည်။ အိမ်ပတ်ပတ်လည်ကို မျိုးသိန်း တစ်ချက်ကြည့်မိသည်။ မနက်စောစောမို့ သောင်ယံတွင် ငါးရှာကြမည့်သူများ ရောက်မလာသေး။ လူသူ ရှင်းလှသေးသည်။ ထို့ကြောင့် ပါးစပ်ကို အသံမထွက်အောင် ဘေးနားတွင်တွေ့သော ငါးဖမ်းပိုက် အပြတ်စတစ်ခုကို လုံးချေ၊ ပါးစပ်ထဲကိုက်ပြီး သောင်ယံတွင် ပတ်ပြေးလိုက်မိသည်။

"ဟေး. . ."

စိတ်ထဲကသာ အော်ဟစ်လိုက်ခြင်းဖြစ်သည်မို့ အရိုးက ရှုကြောင်ကြောင် ပတ်ပြေးနေသော မျိုးသိန်းကို တစ်ချက်ကြည့်ပြီး သဘောပေါက်စွာ ပြန်အငေါ်တူးသည်။

"မသာလေး"

❑

၂ ပတ်၊ ၃ ပတ် ပြေးပြီးသည့်အခါ တစ်ခုခုကို ပြန်သတိရလာသောကြောင့် အိမ်ပေါ်သို့ အပြေးပြန်တက်မိသည်။ ဟောဟဲဆိုက်နေသော မျိုးသိန်းကို အရိုး၊

mgyoe.com

mgyoe.com SAMPLE BOOK
လက်သည်အဒေါ်ကြီးနှင့် ချစ်ဇနီးက ပြုံးရွှင်စွာဆီးကြိုသည်။

"ဘာလေးလဲဟင် မိန်းမ"

ဇနီးသည် မျက်ရည်ကျရင်းက ပြုံးရွှင်စွာ ပြန်လည် ဖြေကြားသည့် စကားလုံးတို့သည် အထစ်ထစ် အအ ဖြစ်နေပါသော်လည်း စိတ်ရှည်စွာ မျိုးသိန်း နားစိုက်ထောင်နေမိသည်။

"နင် သိပ် လို ချင် တဲ့ ယောကျ်ား လေး. . .၊ သားလေးပေါ့. . ."

ပါးပြင်သည် နွေးခနဲ။ အရက်သမားမှန်လျှင် ဘယ်တော့မှ မငိုဘူးဟု တစ်သက်လုံး ကြွေးကြော်လာခဲ့သမျှ သားလေး ဟူသော စကားအောက်တွင် အရာရာကျရှုံးခဲ့သည်။ မျက်စိစပ်သလို ဟန်ဆောင်ပြီး မျက်တောင်ကို ခပ်မြန်မြန် ပုတ်ခပ်ရသည်။ တော်သေးသည်။ မည်သူမှ မမြင်။ အဖြေကို သိရသောအခါ အိမ်ရှေ့ကို ပြန်ထွက်လာမိသည်။ သောင်စပ်မှ နေ၍ အရှေ့ဘက်ကောင်းကင်ယံဆီ ငေးစိုက်ကြည့်နေမိသည်။ အရှေ့ဘက်မှ ထွက်လာသည့် နေမင်းသည် ရဲသွေး နေလျက်။ သောင်စပ်သည် ဖြာကျစနေရောင်အောက်ဝယ် ငွေလဲ့ရောင် လှိုင်း ကြပ်ခွက်တို့နှင့် တဖိတ်ဖိတ်။ မနက်ခင်း၏ လေပြေသည် လတ်ဆတ်သော ပန်းရနံ့ များနှင့်အတူ ဆွတ်ပျံ့သန့်စင်လှသည်။ မျိုးသိန်း သားလေးကို နာမည်ပေးရန် အကြံတစ်ခုရသည်။ နေမင်းလို ရဲသွေးပြီး သောင်ယံမှာ သန့်ရှင်းသည့် သားလေး။

"ငါ့သားလေး နာမည် နေသွေးသောင်ယံ"

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၄

mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၆ ရက်၊ ည ၈ နာရီ ၃၅ မိနစ်
## - တောင်တရုတ်ပင်လယ် -

လွန်ခဲ့သော တစ်နာရီခန့်က သာမန် အလုပ်တာဝန်တို့နှင့် လည်ပတ်ခဲ့သော သင်္ဘောကြီးသည် ယခုအခါ တစ်စီးလုံး အထူးအရေးပေါ် စီမံချက်များနှင့် ပျားပန်းခတ် အလုပ်ရှုပ်နေခဲ့ပြီ ဖြစ်သည်။ ကပ္ပတိန်သည် ကုမ္ပဏီ၏ သက်ဆိုင်ရာ အာဏာပိုင်များကို သတင်းပေးပို့ပြီးနောက် ညွှန်ကြားချက်များအရ သင်္ဘောတစ်စီးလုံး စက် ၄ ကို လှိုင်းထန်နေသည့် ညအမှောင်ပင်လယ်ပြင်တွင် ရှာဖွေရန် ပြင်ဆင်သည်။

ပွဲစင် ဘယ်ညာ၊ သင်္ဘောကုန်းပတ် ဘယ်ညာတို့တွင် သင်္ဘောသားအားလုံး နေရာယူပြီး စက္ကန့်မလပ် စက် ၄ ကို ရှာဖွေနေပြီဖြစ်သည်။

"ကုန်း ၃ ရေ၊ စက် ၄ က မင်းနဲ့ ငယ်သူငယ်ချင်းလို့ စက် ၂ ပြောတယ်၊ သူ ရေတွေ ဘာတွေ ကူးတတ်လား"

ကပ္ပတိန်မေးပါမှ ကျွန်တော့်ခေါင်းထဲ လှစ်ခနဲ ပြန်ပေါ်လာသည့် မှတ်ဉာဏ်။ ထိုမှတ်ဉာဏ်သည် တုန်လှုပ်နေသော ကျွန်တော့်စိတ်ကို အနည်းငယ် ကုစားရာ ရောက်သည်။

"ဟုတ်ကဲ့ ကူးတတ်ပါတယ် ဆရာ၊ ကူးတတ်တာမှ ရိုးရိုးကူးတတ်တာ မဟုတ်ဘဲ ကျောင်းတုန်းက ရေကူးပြိုင်ပွဲမှာ ဆုရလောက်တဲ့ထိကို ကူးတတ်တာပါ"

ကပ္ပတိန်သည် စကားပြောစနစ်မှ သင်္ဘောတစ်စီးလုံးကို ကြေညာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"သင်္ဘောသားအားလုံး နားထောင်ပါ၊ စက် ၄ ဟာ ရေကူးကျွမ်းကျင်တဲ့သူ ဖြစ်ပါတယ်၊ အားလုံးပဲ မျှော်လင့်ချက် အပြည့်နဲ့ ပတ်စေ့တိုက် ရှာဖွေပေးကြပါ၊ ငါတို့ စက် ၄ ကို သေချာပေါက် ပြန်တွေ့မှာပါ"

"ဟေး"

ကျွန်တော်အပါအဝင် ပဲ့စင်ပေါ်က လူများ စိတ်အားတက်သွားကြသည်။ မျှော်လင့်ချက်မဲ့ ရှာဖွေရခြင်းထက် မျှော်လင့်ချက်အပြည့် ရှာဖွေရခြင်းက ပို၍ပို၍ အားတက်စေသည်။ လမ်းကြောင်း နောက်ပြန်လှည့်လာသော သင်္ဘောကြီးသည် ပင်လယ်ပြင်တွင် တအိအိ မှောင်နေလျက် နေသွေးကို ရှာဖွေနေကြသည်။

"ကုန်း ၃ ရေ"

"လာငါတို့ Meeting ထိုင်မယ်၊ စက် ၄ ကို အထိရောက်ဆုံး ရှာဖွေဖို့ ရှာတဲ့လမ်းကြောင်းကို အတတ်နိုင်ဆုံး အတိုဆုံးနဲ့ အနီးစပ်ဆုံးဖြစ်အောင်ရှာမှ ရမယ်"

"ဟုတ်ကဲ့"

ကျွန်တော့်ခေါင်းထဲ ချက်ချင်းသတိရမိသည်မှာ ကျောင်းတုန်းက သင်ခဲ့ရသော "IAMSAR Vol 3" ဆိုသည့်စာအုပ်။ အရေးပေါ် အခြေအနေတွင် ရှာဖွေကယ်ဆယ်ရေးများလုပ်ရာတွင် မှီငြမ်းယူရသည့်စာအုပ်။ ကပ္ပတိန့်ထံ ထိုစာအုပ်ယူပေးသောအခါ ကပ္ပတိန်သည် စာမျက်နှာများကို ချက်ချင်းလှန်သည်။ ထိုအချိန်တွင် ကုန်းပတ်သွားနေကြသော ကုန်းချုပ်နှင့် ကုန်း၂ တို့ ပြန်လာကြသည်။ သူတို့ပါ Meeting တွင် လာထိုင်ကြသည်။

"ဟုတ်ပြီ၊ ကဲ အားလုံးပဲ  ငါတို့ အခုရောက်နေတဲ့နေရာမှာ လေက အရှေ့မြောက်ဘက်က တိုက်နေတယ်၊ ရေစီးက ၁. ၅ ရေမိုင်နှုန်းနဲ့ အနောက်တောင်ဘက်ကို စီးနေတယ်၊ ဒီတော့ စက် ၄ ဟာ အနောက်တောင်ဘက်ကို သိပ်ဝေးဝေးရောက်ဦးမှာ မဟုတ်ဘူး ဒါကြောင့် အနောက်တောင်ဘက်ကို မျဉ်းပြိုင်ပတ်ပြီး တစ်ရစ်ချင်းစီ မောင်းရင် ပြန်တွေ့နိုင်တယ် ဘယ်လိုသဘောရလဲ"

"ဘယ်နှနာရီစာ ရှာရမှာလဲ ကပ္ပတိန်" ကုန်း ၂ ပြန်မေးသည့်အပေါ် ကပ္ပတိန်သည် တစ်ချက် ငူငေါင်သွားသည်။ ပဲ့စင် ညာဘက်တွင် မီးကြီးထိုး ရှာနေသော စက်ချုပ်ကို ကပ္ပတိန်လှမ်းခေါ်ပြီးမေးသည်။

"စက် ၄ ကို  ဘယ်အချိန်မှာ နောက်ဆုံးတွေ့ခဲ့တာလဲ စက်ချုပ်"

"ကျွန်တော့်ဆီလောင်းတစ်ယောက်ပြောတာတော့ ည ၇ နာရီမှာ ထမင်း

mgyoe.com

mgyoe.com SAMPLE BOOK
စားခန်းမှာ တွေ့တယ်ပြောတယ်၊ ည ၈ နာရီမှသာ ဂျူတီမှာ မရှိတော့တာတဲ့”

ကောက်ရိုးမျှင်တစ်စ ဆွဲမိ၍ ပျော်မိသူပမာ ကပ္ပတိန်က လက်မထောင်သည်။

“ကောင်းတယ်။ ကုန်း ၃ ရေ၊ ငါတို့ တစ်နာရီခွဲစာ ပတ်ရှာကြမယ်”

“ဟုတ်ကဲ့ပါ ကပ္ပတိန်”

စက်အရှိန်ကို လျှော့ပြီး တစ်နာရီခွဲစာ ပတ်စေ့တိုက်ရှာရန် ပြင်ဆင်ကြသည်။

ထိုအချိန်တွင် အင်ဂျင် ကဒက်လေး ပွဲစင်သို့ တိုးတိုးတိတ်တိတ် တက်လာသည်။ ကျွန်တော့်ကို တံခါးဝမှ မျက်စပစ်ပြသောကြောင့် အလုပ်ရှုပ်နေသည့် ကုန်း၂၊ ကုန်းချုပ်၊ သူကြီးတို့နှင့်ဝေးသော သူရှိရာ နေရာသို့ သွားလိုက်သည်။

“ဘာပြောမလို့လဲ ညီလေး”

“ကျွန်တော်ပြောရင် အစ်ကိုစိတ်ဆိုးမှာလား၊ သူကြီးကို ပြန်တိုင်မှာလား”

“ဟေ. . . ဘာဖြစ်လို့လဲ ပြောပါ၊ အစ်ကို ပြန်မတိုင်ပါဘူး ရဲရဲသာပြော”

“သဘော်အနောက်ဘက်မှာ တွေ့ရတဲ့ Safety Shoe က စက် ၄ ဖိနပ်ဆိုတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ သူစီးထားထားခဲ့တာ မဟုတ်ဘူး။ ညနေ ဂျူတီဝင်တုန်းက သူ့ဖိနပ်စိုနေတယ်ဆိုလို့ ကျွန်တော့်ကို အခြောက်ခံခိုင်းထားတာ၊ အဲ့တာ ကျွန်တော်လည်း အင်ဂျင်ခန်းထဲမှာ အခြောက်ခံခိုင်းတာကို မသိဘဲ လေပိုတိုက် မြန်မြန်ခြောက်အောင်ဆိုပြီး အနောက်ဝရန်တာဘေးမှာ သေသေချာချာ သွားလှန်းထားတာ”

“ဟင်. . . ”

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

ပြဿနာက ကြီးသထက် ကြီးလာပြီဖြစ်သည်။

"မင်းကွာ ဘာကြောင့် စောစောထဲက မပြောရတာလဲ၊ ခုတော့ အားလုံး ရှုပ်ကုန်ပြီ"

စဉ်းစားရ အတော်လေးကြပ်သည့် အနေအထားဖြစ်သည်။ အားလုံးက နေသွေး ပြုတ်ကျသည်ဟု ယူဆပြီး ရှာဖွေရေးလုပ်ငန်းများကို စူးစိုက်လုပ်ဆောင် နေကြပြီ ဖြစ်သည်။ သင်္ဘောသည် နောက်ကြောင်းပြန်လှည့်ထားသော ရှာဖွေရေး လမ်းကြောင်းပေါ်မှာ ဖြစ်သည်။ ကပ္ပတိန်ကို သွားပြောလိုက်လျှင် သူ ဘာပြန်ပြော မည်နည်း။ သေချာပေါက် အင်ဂျင် ကဒက်လေးတော့ အကြီးအကျယ် အကောခံရ တော့မည် ဖြစ်သည်။ အင်ဂျင်ကဒက်ကို ကြည့်ပြန်တော့ မျက်နှာက ဇီးရွက်သာသာ။ ခုချိန်သည် သင်္ဘောတစ်စီးလုံး အရေးပေါ် အနေအထားတွင်ဖြစ်သည်။ ပေါ့ပေါ့ ပျက်ပျက် လုပ်နေကြခြင်း တစ်ခုမှ မရှိ။ ကျွန်တော် မည်သို့လုပ်ရမည်နည်း။ ကပ္ပတိန့်ကိုတော့ အမြန်ဆုံး သတင်းပို့ရမည်ဖြစ်သည်။ နောက်ကိစ္စ နောက်မှ ရှင်းရမည်။ ကဒက်လေး အဆူခံရတာက သည်ခဏတာသာ ဖြစ်သည်။ သည့်ထက် ပိုအရေးကြီးသည်က လူ့အသက်နှင့်ဆိုင်သည့်ကိစ္စ။

"ကပ္ပတိန်ကိုတော့ သတင်းပို့ရမယ် ညီလေး၊ မဟုတ်ရင် တစ်စီးလုံး ပြဿနာ တက်သွားလိမ့်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟာ. . . အစ်ကိုပြောတော့ ပြန်မပြောဘူးဆို၊ အစ်ကိုရယ် ကျွန်တော့်ကို ကယ်ပါ ပြန်မပြောပါနဲ့"

"ဟော့ကောင် မင်းရှူးနေလား ပြန်ပြောပြရင် မင်းက အဆူပဲ ခံရမှာ။ ပြန်မပြောရင် သင်္ဘောတစ်စီးလုံး ဆက်ပြီး ဒုက္ခရောက်ရမှာ"

ကျွန်တော့်လေသံသည် နည်းနည်းမာထန်သွားသည့်အပေါ် ကဒက်လေး၏ မျက်လုံးလေးများ ဝိုင်းခနဲ ဖြစ်သွားသည်။

"အဲ့ဒီလို ပြန်ပြောရင်ရော စက် ၄ ကို ပြန်တွေ့မှာလားဟင်၊ စက် ၄ က ဘယ်ရောက်သွားတာလဲ အစ်ကို"

ဝမ်းနည်းစွာ သူ့အတွေးနှင့်သူ မေးလိုက်ခြင်းဖြစ်သော်လည်း ထိုမေးခွန်းကပင် ကျွန်တော့်ကို ဆွံ့အ,သွားစေသည်။ အလောတကြီးဖြစ်သွားသောကြောင့် အဓိကတွေးရမည့်အရာကို မေ့သွားခဲ့သည်။

"ဒါဆို နေသွေး မခုန်ချသေးဘူးပေါ့၊ ကပ္ပတိန်တို့တောင် သင်္ဘောတစ်စီးလုံး နှံ့အောင်ရှာပြီး နေပြီကို မတွေ့ဘူးလည်း ပြောတယ်၊ ခုတော့လည်း မခုန်ချဘူး ဒါဆို နေသွေးက ဘယ်ရောက်နေတာလဲ"

ကျွန်တော့်စိတ်ထဲ အတွေးပေါင်းများစွာနှင့် ဆောက်တည်ရာမရ ဖြစ်နေမိပြီ။ ဘာတွေ ဖြစ်ကုန်ပြီနည်း။ တွေးရင်းတွေးရင်းက ယခင်တွေးခဲ့သော အတွေး၏ အဆက် နေသွေး၏ စကားသံတချို့ကို ပြန်လည်ပဲ့တင် ကြားယောင်လာမိသည်။ နေသွေးနှင့် ကျွန်တော်နှစ်ယောက်ထဲ ရှိစဉ်က နေသွေးပြောခဲ့ဖူးသော စကားများသည် ကျွန်တော့်နားထဲတွင် တဝဲလည်လည်။

*"ငါညက သူ့ကို အိပ်မက်မက်တယ် သူငါ့ဘေးမှာ ရှိတယ်တဲ့"*

*"မင်း ညဘက်တွေ အိပ်ရော ပျော်ရဲ့လား"*

*"ပျော်တယ်ဆိုလည်း ဟုတ်တယ်၊ မပျော်ဘူးဆိုလည်း ဟုတ်တယ်"*

*"မင်းဟာက ဘာကြီးလဲ ပျော်တယ်ဆိုလည်း ပျော်တယ်ပေါ့၊ မပျော်ဘူး ဆိုလည်း မပျော်ဘူးပေါ့၊ ခုဟာက ဘာကြီးလဲဟ"*

*"ပျော်တယ်ဆိုတာက အိပ်ပျော်လို့တောင် အိပ်မက်မက်တယ်ကွာ။ မပျော်ဘူး ဆိုတာက အိပ်မက်မက်နေရင်းက အပြင်က လူတွေသွားလာလှုပ်ရှားနေတာကို သိနေတယ်၊ ဥပမာ မင်း ည ၁၂ နာရီ ဂျူတီက ပြန်ဆင်းလာပြီး မင်းအခန်းထဲ ပြန်ဝင်လာတာကို ငါအကုန်သိနေတယ်ကွာ။ အဲ့ဒီအချိန်မှာ ငါ့အိပ်မက်တွေကိုလည်း ဆက်မက်နေတယ် ဘယ်လိုပြောရမလဲ အိပ်နေတဲ့ငါကတစ်ယောက်၊ နိုးနေတဲ့*

mgyoe.com

mgyoe.com SAMPLE BOOK

ငါကတစ်ယောက်၊ နှစ်ယောက်လိုမျိုးပေါ့။ ဒါပေမဲ့ ငါက တစ်ယောက်ထဲဆိုတာ ကိုလည်း ငါသိနေတယ်"

"နေသွေးရာ မင်းဟာကို နားထောင်ရတာလည်း ရှုပ်နေတာပဲ၊ မင်း ပြောတာက ကြက်အိပ်ကြက်နိုးလို ဖြစ်နေတာကို ပြောတာလား"

"အေး အဲ့တာနဲ့ ခပ်ဆင်ဆင်ပေါ့"

"ဒါနဲ့ နေပါဦး၊ သူက မင်းဘေးမှာ ရှိနေတယ်ဆိုတာ မင်းအခန်းထဲမှာ ရှိတာကို ပြောတာလား"

"အာ. . . ဘယ်ဟုတ်မလဲ ငါ့အခန်းထဲတော့ နေလို့ရမလားကွ၊ သူက မိန်းကလေးကို၊ သင်္ဘောပေါ်မှာ ရှိနေတာကို ပြောတာပေါ့။ ဟိုတစ်နေ့ကဆို သူ့ကို သင်္ဘောဦးနားမှာ တွေ့တယ်၊ ဟိုတစ်နေ့ကတော့ ထူးခြားတယ်ကွာ သူ့ကို Bow Thruster Room ထဲမှာ တွေ့လိုက်တာ"

"ဘယ်လို Bow Thruster Room ဟုတ်လား ၊ Bow Thruster Room ဆိုတာ တို့လို သင်္ဘောသားတွေလောက်ပဲသိမှာပေါ့ သူက ဘယ်လိုသိမလဲ"

"အဲ့တာတော့ ငါမသိဘူး။ သူရောက်နေလို့တောင် ငါလိုက်သွားသေးတာ"

"မင်း သူ့ကို တော်တော်စွဲလန်းနေတာပဲ။ အပြင်မှာတောင် တစ်ခါမှ မမြင်ဖူးဘဲ စွဲလန်းခြင်းမီးလိုဖြစ်နေပြီ မင်းဟာက"

"မင်းပြောလဲ ခံရမှာပဲ ခေတ်ယံ၊ အချစ်ဦးဆိုတာ အဲ့ဒီလိုပဲကွ"

"နေပါဦး. . . နေပါဦး၊ Bow Thruster Room ဆိုလို့ မင်းဟိုနေ့က ညကြီးသန်းခေါင် Bow Thruster Room ကို သွားတယ်ဆို၊ စက် ၃ ဂျူတီက ဆီလောင်းတစ်ယောက်ပြောတာ"

"အေး. . . ဟုတ်သား၊ မင်းကို ပြောဖို့မေ့နေတာကွ။ တကယ်တော့ ငါသွားတာ မဟုတ်ဘူး သွားတယ်လို့ပဲ အိပ်မက်မက်တာ ဒါပေမဲ့ ငါထတော့ ငါက အဲ့အခန်းထဲ ရောက်နေတာ"

"ဘုရားဘုရား ကြောက်စရာကြီး သော့ခတ်ထားတဲ့ အခန်းကို မင်းက ဘယ်လိုဝင်တာတုန်းဟ"

"အေး. . . အဲ့တာလည်း ပြောမလို စက်ခန်းထဲက သော့ကို ငါက ယူသွားတာဗျား၊ မနက်ကျမှ ငါ့အိပ်ရာဘေးမှာ ပြန်တွေ့လို့ စက်ခန်းထဲတောင် ပြန်ထားရတယ်အဟီ၊ ဘယ်သူ့မှ သွားမပြောနဲ့နော်"

"မင်းဟာကကွာ ကြောက်စရာကြီး"

mgyoe.com

mgyoe.com SAMPLE BOOK

နေသွေးနှင့် ပြောထားဖူးသော စကားများ အတွဲလိုက် ကျွန်တော့်ခေါင်းထဲ ဝင်ရောက်လာသည်။ ဒါ ဒါဆို နေသွေးသည် ပင်လယ်ထဲ မခုန်ချဘဲ။ ကျွန်တော့်ကို သတင်းလာပို့သော အင်ဂျင် ကဒက်လေးကိုပင် ကျေးဇူးတင်မိသွားသည်။ ကပ္ပတိန့်ကို အချိန်မဆွဲတော့ဘဲ အမြန်ဆုံးသတင်းပို့ဖို့ သွားရန်အပြု. . . ။

"ကပ္ပတိန်ရေ ရေထဲမှာ ဘွိုင်လာစွတ် (Boiler Suit) အဖြူရောင်လို တစ်ခုကို တွေ့တယ်ဗျို့၊ သင်္ဘောကို အမြန်ဆုံး အရှိန်လျှော့ပေးပါ"

ပွဲစင် ညာဘက်မှ စူးစူးဝါးဝါး အော်လိုက်သော အောဘီအသံက ပွဲစင် တစ်ခုလုံးကို လွှမ်းမိုးသွားပြီး အားလုံး ပွဲစင်ညာဘက်သို့ ဝရုန်းသုန်းကား ပြေးသွားကြတော့သည်။ ကျွန်တော်အပါအဝင် ဖြစ်ပါသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၆

mgyoe.com

mgyoe.com SAMPLE BOOK

ပွဲစင်ရှိလူများအားလုံး ပွဲစင်ညာဘက်သို့ စုရုံးရောက်ရှိနေကြပြီ ဖြစ်သည်။ မိုးက ပိုသည်းလာသည်။ ဆလိုက်မီးရောင်များသည် မိုးပေါက်များအကြား ဝါးတားတား။ လှုပ်ခါနေသည့် သင်္ဘောကြီးပေါ်မှ လူတစ်ယောက်ကို ရှာဖွေရခြင်းသည် ထင်သလောက်မလွယ်။ သို့သော် အားလုံး၏ အကြည့်တို့သည် စက် ၄ ကို အမြန်ဆုံးတွေ့လိုဇောကြောင့် မာထန်နေသည့် လှိုင်းလုံးများ အကြား၌ ဖြစ်သည်။

"ဟာ. . . ဟိုမှာ ဟိုမှာ အဖြူရောင်လေး"

ကုန်း ၂ က ပျော်ရွှင်အားရဖွယ်လေသံနှင့် ဝမ်းသာအားရ အော်ပြောသည်။ ကျွန်တော်တို့အားလုံး သူညွှန်ပြရာ နေရာကိုကြည့်သည်။ ဖြူလွလွမှောနေသော အရာတစ်ခု။ ပွဲစင်သည် မီတာ ၅၀ ခန့်မြင့်သောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရသေး။ ထို့ကြောင့် ကပ္ပတိန်က အဝေးကြည့်မှန်ပြောင်းကို ယူပြီး အနီးကပ် ဆွဲကြည့်သည်။ ကျွန်တော်လည်း ဘေးမှာတွေ့သည့် အဝေးကြည့်မှန်ပြောင်းတစ်ခုကို အမြန်ယူပြီး အနီးကပ် ဆွဲကြည့်မိသည်။ ထိုအခါ. . .။

"မြေသြဇာ ထည့်တဲ့ အိပ်ခွံကြီးပါ ကပ္ပတိန်"

"အေး. . . ဟုတ်တယ်"

"ဟာ. . ."

ကပ္ပတိန်က မဟုတ်ဘူးဆိုသော မျက်နှာဘေး လုပ်ပြလိုက်သည့်အခါ

mgyoe.com

mgyoe.com SAMPLE BOOK

ခုလေးပင် တက်တက်ကြွကြွ ဖြစ်ခဲ့သော လူအုပ်ကြီးသည် ချက်ချင်း စိတ်ဓာတ်ကျသွားသလို သက်ပြင်းရှည်ကြီးကို ချသည်။ ဂျူတီကျသော အဖွဲ့မှလွဲ၍ အားလုံး ပွဲစင်ထဲ ပြန်ဝင်လာကြသည်။ အချိန်သည် ည ၉ နာရီ ၁၅ မိနစ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

အထဲသို့ ပြန်ရောက်သည်နှင့် ကပ္ပတိန်ကို အချိန်မဆွဲတော့ဘဲ ချက်ချင်း မေးမိသည်။

"ကပ္ပတိန်"

"အေး. . . ပြော ကုန်း ၃"

"အရမ်း အရေးကြီးတဲ့ စကားတစ်ခွန်း ပြောဖို့ရှိတယ် ကပ္ပတိန်"

"ဟေ. . . ဟုတ်လား၊ အေးအေး အမြန်ပြော"

"အင်ဂျင် ကဒက်လေး ခုနလေးတင် လာပြောတယ်၊ အနောက်ဘက် လက်ရန်းနားက Safety Shoe က သူသွားလှန်းထားတာတဲ့ စက် ၄ ချွတ်ခဲ့တာ မဟုတ်ဘူး ပြောတယ်"

"ဘာ. . .၊ ဒါကို သူဘာလို့ စောစောကမပြောလဲ။ အင်ဂျင် ကဒက်ကို သွားခေါ်စမ်း"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ပွဲစင်ဘယ်ဘက်ခြမ်းတွင် ရောက်နေသော ကဒက်လေးကို အမြန်သွားခေါ်ရသည်။

"ပြောစမ်းပါဦး အင်ဂျင် ကဒက်ရေ၊ စက် ၄ ရဲ့ Safety Shoe ကို မင်း သွားလှန်းထားတာဆို"

"ဟုတ်ကဲ့"

"ငါတို့ ရှာတွေ့တုန်းက အဲ့ဒီအကြောင်း ဘာလို့ မပြောတာလဲ"

"ကပ္ပတိန်တို့ အလုပ်ရှုပ်နေလို့ပါ"

"ကဲ. . . ကြည့်၊ အခုတော့ မင်းမပြောတဲ့ ကိစ္စကြောင့် တကယ်လို့ စက် ၄ က မပြုတ်ကျဘဲ သင်္ဘောပေါ်မှာ ရှိနေသေးတယ်ဆိုရင် ငါတို့မှားရှာနေမိတာ ဘယ်လောက်တောင် ပြဿနာကြီးလဲ မင်း မစဉ်းစားမိဘူးလား"

ကဒက်၏ မျက်နှာသည် ငိုမဲ့မဲ့ ဖြစ်နေပြီ။

"သူ့ကိုတစ်စီးလုံး ရှာကြည့်ပြီး မတွေ့တော့ဘူးဆိုတော့ တခြားတစ်နေရာက ခုန်ချသွားတာ ထင်ပြီး မပြောတော့တာပါ ကပ္ပတိန်"

mgyoe.com

mgyoe.com SAMPLE BOOK

"အေးကွာ ကောင်းရော"

စိတ်ဓာတ်ကျသွားသော မျက်နှာနှင့် ကပ္ပတိန် ခေါင်းငိုက်စိုက်ကျသွားသည်။

ကျွန်တော့်တွင် ရှိနေသော မသေချာသော ထင်မြင်ချက်တစ်ခုကို ကပ္ပတိန်သိမှ ဖြစ်တော့မည်ထင်သည်။

"ကပ္ပတိန်တို့ရှာတုန်းက Bow Thruster Room ပါတယ် မဟုတ်လား"

"ပါသားပဲ စက်ချုပ်တို့သွားတာ အဲ့ဒီဘက်က ငါတော့ မပါဘူး"

"သေသေချာချာ နှံ့နှံ့စပ်စပ် ရှာခဲ့တယ်ဟုတ် ကပ္ပတိန်"

"စက်ချုပ်ကို မေးမှ ရမယ်။ မင်းက ဘာကြောင့် Bow Thruster Room အကြောင်း မေးတာလဲ ကုန်း ၃၊ တစ်ခုခုများ သိထားတာ ရှိလို့လား စက် ၄ နဲ့ ပတ်သက်ပြီး"

"တစ်ခါတုန်းက သူကျွန်တော့်ကို ပြောဖူးတဲ့ စကားတစ်ခွန်းကို ဆက်စပ်မိလို့ပါ ကပ္ပတိန်။ သူ့မှာ Sleep Walking လိုမျိုး ဖြစ်ဖြစ်နေတယ်တဲ့။ တစ်ခါတုန်းက သူ နိုးလာတော့ Bow Thruster Room ထဲ ရောက်နေတယ်လို့ ပြောဖူးလို့ပါ"

"ဟုတ်လား စက်ချုပ်ကို သွားခေါ်ပါဦးကွာ မြန်မြန်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ပဲ့စင်ညာဘက်သို့ ရောက်နေသော စက်ချုပ်ရောက်လာသောအခါ ကပ္ပတိန်၏ မျက်နှာသည် နီမြန်းနေပြီး သွေးတက်နေသည့် ပုံစံပေါက်နေပြီ ဖြစ်သည်။

"ခေါ်ခိုင်းတယ်ဆိုလို့ ကပ္ပတိန်၊ ဘာများ ထူးလို့လဲ"

"စက်ချုပ်တို့ Bow Thruster Room ကို သေသေချာချာ ရှာခဲ့တယ် မဟုတ်လား"

"သေသေချာချာ ရှာခဲ့ပါတယ် ကပ္ပတိန်၊ ဟိုး အောက်ဆုံးထက် အရေးပေါ် မီးသတ်ပန့်နားအထိကို ရှာခဲ့တာပါ လုံးဝ မတွေ့ပါဘူး"

"ဘေးနံရံက ရှဲတွေကြားထဲကိုရော ရှာခဲ့လား"

"အင်း. . . အဲ့တာတော့ ရှာတော့ ရှာခဲ့တယ်၊ ဒါပေမဲ့. . . "

"ဒါပေမဲ့ ဘာဖြစ်လဲ"

"သေသေချာချာတော့ ဓာတ်မီးနဲ့ ထိုးမရှာခဲ့ဘူး"

"ဟာ. . . ဓာတ်မီးနဲ့ ထိုးမရှာရအောင် မင်းတို့ကိုယ်မင်း စွမ်းအားရှင်

mgyoe.com

mgyoe.com
SAMPLE BOOK

တွေများ ထင်နေလား"

"အဲ့ဒီလောက် အသက်နဲ့ဆိုင်တဲ့ကိစ္စကို ဘာကြောင့် ပေါ့ပျက်ပျက် လုပ်နေကြရတာလဲ"

"ပေါ့ပျက်ပျက် လုပ်တယ်ဆိုတာလို့ မပြောပါနဲ့ ကပ္ပတိန်၊ စက် ၄ ဟာ ကျွန်တော့်စက် ၄ ပါ၊ ကျွန်တော်တို့ အင်ဂျင်က အင်ဂျင်နီယာ တစ်ယောက်ပါ ကပ္ပတိန့်ထက်တောင် ပိုပြီး ပူပန်ရပါသေးတယ် ကပ္ပတိန်"

လေသံတွေ အခြေအတင်တွေ ဖြစ်သံ ကြားသောကြောင့် ကုန်းချုပ်ပါ ပြေးလာသည်။

"စိတ်အေးအေးထားကြပါ ဆရာတို့ရယ်၊ ခုချိန်က လူတိုင်းက ပင်ပန်းပြီး သွေးဆူနေကြတာ အမှန်ပဲ။ ကျွန်တော်တို့ စိတ်အေးအေးထားပြီး ပူးပေါင်းမှ ရပါမယ်ဗျာ"

"ဟုတ်ပါတယ် ကပ္ပတိန်၊ ကျွန်တော်တို့လည်း တစ်ညလုံး ကူညီမှာပါ လိုတာရှိရင် အချိန်မရွေး ပြောပါ"

"အေးပါကွာ စက်ချုပ်ရေ ငါတောင်းပန်ပါတယ်၊ ငါဘယ်လောက်တောင် ဖိအားများနေလဲ မင်း သိမှာပါကွာ"

"ရပါတယ် ကပ္ပတိန်၊ ကျွန်တော်တို့လည်း အရမ်းလောနေကြတော့ အဲ့ဒီလို ဖြစ်သွားတာပါ"

"အိုကေ. . . အိုကေ၊ ကဲ ဒါဆိုအားလုံးပြီးပြီ ဘာဆက်လုပ်ကြမလဲ ကပ္ပတိန်" ကုန်းချုပ် ဝင်ရောက်ဖြေရှင်းမှ ပြေလည်သွားသည်။

"ကုန်း ၃ ပြောပုံအရ Bow Thruster Room ဟာ အဓိက ရှာမှတ်ဖြစ်နေတယ်၊ စက်ချုပ်တို့က Bow Thruster Room ကို သေသေချာချာ ထပ်ရှာပါ၊ ကုန်းချုပ်တို့ ကုန်းပတ်က လူတွေကတော့ ရေထဲမှာပဲ မျက်ခြည်မပြတ် ဆက်ရှာပါ။ ရှုံးကို ရေထဲပြုတ်မကျဘူးလို့ အကြောင်းပြန်ဖို့ စောနေသေးတယ်။ သေချာမှ ရမယ်"

"ဟုတ်ကဲ့ပါ ကပ္ပတိန်"

"ဩော်. . . စက်ချုပ်"

"ဟုတ်ကဲ့ ပြောပါ ကပ္ပတိန်"

"ကုန်း ၃ ကိုပါ ခေါ်သွားပါ"

"ဟုတ်ကဲ့၊ ကဲ. . . ကုန်း ၃ ရေ သွားရအောင်"

mgyoe.com

mgyoe.com SAMPLE BOOK

နေသွေးကို ကျွန်တော်ကိုယ်တိုင် ရှာရတော့မည်။ ကျွန်တော်စိတ်ထဲ ကျိတ်ပြီး ဆုတောင်းနေမိသည်။

"နေသွေးကို Bow Thruster Room ထဲမှာ အကောင်းပကတိ ပြန်ရှာတွေ့နိုင်ပါစေ၊ အကောင်းပကတိ ရှာတွေ့နိုင်ပါစေ အဖ ဘုရားသခင်၊ အကောင်းပကတိ ရှာတွေ့နိုင်ပါစေ အဖ ဘုရားသခင်"

အကောင်းပကတိဆိုသော စကားလုံးကို ၃ ခါတိတိ တိုင်တည်မိသည်။ အဘယ်ကြောင့် ဆိုသော် နေသွေးပြောတုန်းက အရေးကြီးသည့် စကားလုံးတစ်ခုကို ကျွန်တော် ပြန်လည် မှတ်မိကြားယောင်လာသောကြောင့် ဖြစ်သည်။

*"ဘုရားဘုရား ကြောက်စရာကြီး၊ သော့ခတ်ထားတဲ့ အခန်းကို မင်းက ဘယ်လိုဝင်တာတုန်းဟ"*

*"အေး အဲ့တာလည်း ပြောမလို့၊ စက်ခန်းထဲက သော့ကို ငါက ယူသွားတာဗျား၊ မနက်ကျမှ ငါ့အိပ်ရာဘေးမှာ ပြန်တွေ့လို့ စက်ခန်းထဲတောင် ပြန်ထားရတယ် အဟီ၊ ဘယ်သူ့မှ သွားမပြောနဲ့နော်"*

*"မင်းဟာကကွာ ကြောက်စရာကြီး"*

*"နောက်တစ်ခုပြောရင် မင်းပိုတောင် ကြောက်ဦးမယ်"*

*"ဘာလို့လဲ ဘာထပ်ဖြစ်သေးလို့လဲ"*

*"Bow Thruster Room မှာ ရှိနေတာက မဆန်းဘူးကွ"*

*"ဒါဆို ဘာက ဆန်းတာလဲ"*

*"ဆန်းတာက ငါထတဲ့အချိန် ငါ့ဘေးမှာ ကြိုးတစ်ချောင်းရှိနေတယ်"*

*"ဘယ်လို. . . ဘယ်လို၊ ကြိုးတစ်ချောင်းဟုတ်လား"*

*"ဟုတ်တယ် ကြိုးတစ်ချောင်း၊ လက်သုံးလုံးလောက်ရှိတဲ့ ကြိုးတစ်ချောင်း ငါတို့ စတိုခန်းထဲကဟာ"*

*"မင်း မရောက်ခင်ထဲက အခန်းထဲမှာ ရှိနေတာ နေမှာပေ့ါ"*

*"ဟာ. . . အဲ့တာတော့ လုံးဝမဟုတ်ဘူး။ ကြိုးက ငါ့ဘယ်ဘက်လက်နဲ့ ကိုင်လျက်သားကြီးကွ၊ တစ်ဖက်မှာ သော့ တစ်ဖက်မှာကြိုး။ ပိုဆိုးတာက. . ."*

*"ပိုဆိုးတာက ဘာဖြစ်တုန်း"*

*"ကြိုးမှာ ကွင်းတစ်ခုပါတယ် ဆိုလိုတာကွာ ဆွဲကြိုးချသေတဲ့လူတွေ လုပ်တဲ့ ကွင်းလို အတိုးအလျော့ လုပ်လို့ရတဲ့ ကွင်းတစ်ခု ပါနေတာကွ"*

*"ဟင်. . . ဘုရား ဘုရား"*

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းရော ဘယ်လိုထင်လဲ"

"ဘယ်လိုထင်ရမလဲ လန့်တာပေါ့ပါ။ ကြိုးတွေ့တယ်ဆိုတာလောက်က လက်ခံလို့ရသေးတယ်၊ ဆွဲကြိုးချတဲ့ကြိုး တွေ့တယ်ဆိုတာကတော့ အရမ်းထူးခြားနေပြီလေ၊ မင်းရော ဆွဲကြိုးချချင်နေလို့လား"

"ဟာ ဖွဖွ ချချင်စရာလားကွ"

"ဒါဆို မင်းအိပ်မက်ထဲက တစ်ယောက်ယောက်ကများ မင်းကို ခိုင်းနေတာလား၊ ဥပမာကွာ မင်းကောင်မလေး"

"ဟာ. . . ပိုတောင်ဆိုးသေးတယ်။ သူက ငါ့ကိုသေစေချင်မလား စဉ်းစားကြည့်ပါဦး။ ငါ့ကိုတောင် ကျန်းမာရေး ဂရုစိုက်ဖို့ တဖွဖွ ပြောနေတာ"

"အင်း. . . ဒီကိစ္စက တော်တော်တော့ နက်နဲနေပြီ။ ပြီးတော့ ကြောက်ဖို့လည်း ကောင်းနေပြီ"

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၅

mgyoe.com

mgyoe.com SAMPLE BOOK

ပဲ့စင်နှင့် Bow Thruster Room သည် မီတာ ၂၀၀ ခန့်သာ ကွာဝေးသည်။ သို့သော် စိတ်ထဲတွင် ရောက်နိုင်ခဲလှသည်။ သည်နေ့မှ ရာသီဥတုက ဆိုးလှပါဘိ။ ကုန်းပတ်ပေါ် သို့ လွင့်စင်ကျလာသော ရေဖွားများနှင့်အတူ ပင်လယ်ပြင်သည် အမှောင်ညတွင် ကြမ်းတမ်းနေသော နတ်ဆိုးတစ်ကောင်ပမာ။ အကယ်၍ နေသွေးသာ ပင်လယ်ထဲ ပြုတ်ကျသွားသည်ရှိသော် ဘယ်လောက်ပဲ ရေကူးချန်ပီယံ ဖြစ်နေပါစေ၊ တန်ပြန်ကူးခတ်နိုင်မည်မဟုတ်။ အို. . . အဆိုးဘက်ကို ဆက်မတွေးတာဘဲ ကောင်းသည်။

"ကုန်း ၃ ရေ၊ မင်းရှေ့က သွားပါ"

စက်ချုပ်သည် နောက်ကနေရင်းက ကျွန်တော့်ကို သော့ လှမ်းပေးသည်။ သော့ကို ကျွန်တော်လှမ်းယူလိုက်ပြီး ခြေလှမ်းတို့ကို အရှိန်တင်သည်။ သည်နေ့ ကျွန်တော်ခြေလှမ်းတို့ကို လုံးဝအားမရပါ။

"ကုန်း ၃ ရေ၊ ဖြည်းဖြည်းလျှောက်ပါဟ သတိလည်းထားဦး၊ ကုန်းပတ်က ချော်နေတယ်နော်" စက်ချုပ်က လှမ်းသတိပေးသည်။

"ဟုတ်ကဲ့. . . ဟုတ်ကဲ့" လောနေသည့် စိတ်အဟုန်ကို လျှော့ချရသည်။

"နေသွေးရေ မင်းကို ငါလာရှာနေပြီ"

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ည ၉ နာရီ ၃၂ မိနစ်
## - Bow Thruster Room -

သော့ကို ဖွင့်လိုက်ချိန်တွင် ကျွန်တော့်စိတ်များ လေးလံလာသည်။ နေသွေးကို အကောင်းပကတိ ပြန်တွေ့ရလျှင် ဘာမှ ဖြစ်မည်မဟုတ်၊ တစ်ခုခုဖြစ်လျက်သားသာ တွေ့ရမည်ဆိုလျှင်. . .။ တစ်ခုခု ဖြစ်လျက်သားထက်စာလျှင် မတွေ့သေးတာကပင် ပိုကောင်းဦးမည်။ ကံတရားသည် နေသွေးဘက်မှာ ရပ်တည်ပါစေဟုသာ အကြိမ်ကြိမ် ဆုတောင်းနေမိသည်။

ပထမ တစ်ထပ်။

ချောင်ကျကျ သံပြားများကြားအထိ အားလုံး လိုက်ရှာကြသည်။ နေသွေးနှင့်ပတ်သက်သော အရိပ်အယောင်များကို ဘာတစ်ခုမှ မတွေ့ရ။

ဒုတိယတစ်ထပ်။

လေသွင်းလေထုတ်ပေးထားသော အသံကြောင့် အခန်းသည် ပိုမိုဆူလောင်လာသည်။ ဒုတိယ အထပ်သည် ပို၍ ကျယ်ဝန်းသောကြောင့် သတိထားကာ ရှာရသည်။ မီးရောင်များ၏ ရောက်ရှိနိုင်မှုသည် အခန်းတစ်ခုလုံးကို အပြည့်အဝလုံး လင်းနေအောင် မစွမ်းသာသည့်အတွက် ပါလာသည့် ဓာတ်မီးများနှင့် ခရေစေ့တွင်းကျ လိုက်ရှာရသည်။ အပေါ်နံရံဘက်တွင် ချိတ်ဆွဲနိုင်သည့် သံထည်များအားလုံးကို ရှာရသည်။ မတွေ့။ နေသွေးကိုလည်း မတွေ့သလို ကြိုးများကိုလည်း မတွေ့။

mgyoe.com